

# ကောင်းကင်ဘုံသို့

## ခြေသန့်ခြင်း

စာစဥ်(၁)

အပိုင်း(၁ – ၂၀)

ဘာသာပြန်—ဟိန်းထက်

# ကောင်းကင်ဘုံသို့ခြေဆန့်ခြင်း(လုအိုကျန်း)

## စာရေးသူရဲ့အမြင်

ဒီစာစဉ်လေးက အရမ်းကို အောင်မြင်တဲ့စာစဉ်တစ်ခုဖြစ်ပြီး manga လဲ ထွက်ရှိထားပါတယ်။ စာစဉ်ထဲက မင်းသားမှာ ရည်မှန်းချက်တစ်ခုက အမြဲတမ်းရှိပါတယ်။မင်းသားနဲ့တိုက်ခိုက်ရမယ့် လူဆိုးခေါင်းဆောင် ပါမှ ကြိုက်တာဆိုတဲ့ စာဖတ်သူတွေအတွက်လဲ သာမန်ရှုန်းရှုတစ်ခုလို မဟုတ်ဘဲ မင်းသားအတွက် လူဆိုးက အမြဲတမ်းရှိတယ်လို့ ပြောပါရစေ။ ပြီးတော့ သာမန်ရှုန်းရှုတွေမှာ ပါဝင်တဲ့ ပါရမီရှင်ဆိုတဲ့လူတွေကို ဘယ်လိုအနိုင်တိုက်ခိုက်လဲ ဆိုတာတွေ၊ စော်ကြည်တာတွေ၊ စုံလို့ပါပဲ။ဒီစာစဉ်က zero to hero လို့ ပြောရမယ့်အစား hero to super super hero လို့ ပြောရင် ပိုပြီးမှန်ပါလိမ့်မယ်။ကြမ်းချက်ကလဲ လက်ဖျားခါလောက်တယ်။ ပြီးတော့ ဒီစာစဉ်ထဲမှာပါတဲ့ concept သဘောတရားတွေ အတော်များများက အခြားစာစဉ်တွေနဲ့မတူဘူး။ အရင်ပြီးသွားတဲ့ ရှောင်ယန် စာစဉ်မှာ ရှောင်ယန်တို့က အောက်ကမ္ဘာ၊ မူချန်တို့က အထက်ကမ္ဘာဆိုပြီး သွားတယ်။ ဒီစာစဉ်မှာတော့ ကမ္ဘာတွေက ထောင်ချီသောင်းချီပြီး ရှိတယ်ဆိုတဲ့ အယူအဆကို ထည့်ထားတဲ့အပြင် အရာတွေအားလုံးမှာ ကိုယ်မစဉ်းစားမိတဲ့အရာတွေကိုပါ ထည့်သွင်းစဉ်းစားထားတာမျိုးပါ။ ဒီစာစဉ်ထဲမှာ ရှုန်းရှုတော်တော်များများနဲ့ မတူတဲ့အချက်တွေလဲ အများကြီးပါပါတယ်။ ကျွန်တော် အကြိုက်ဆုံးကတော့ မင်းသားရဲ့စရိုက်ပဲ။ တကယ်ကို မိုက်တယ်။ ဓာတ်လမ်းက စလာတည်းက သည်းထိတ်ရင်ဖိုနဲ့ တကယ်လည်း ဖတ်ရင်းဖတ်ရင်းနဲ့ ဆွဲခေါ်

သွားတာ။ ဒီစာစဉ်က ကျွန်တော်ဖတ်ဖူးသမျှထဲမှာ အကြိုက်ဆုံးစာစဉ်ပါ။ စာဖတ်သူတွေလည်း ကြိုက်ကြမှာပါ။ ဖတ်ကြည့်ပါလို့ ပြောပါရစေ။ ဒီစာစဉ်ကိုလည်း အပြီးထိရေးမှာပါ။

***

## ဇာတ်ပျိုး

သူ့အဖေချန်ထားခဲ့တဲ့ စာရွက်ပိုင်းလေးကို မီးရှို့လိုက်တဲ့အချိန်မှာပဲ လုအိုကျန်းကိုယ်တိုင်က လက်နက်တစ်ခုအဖြစ် မတော်တဆပြောင်းလဲသွားခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး နိမ့်ကျလွန်းလှတဲ့ သူ့ရဲ့အခြေအနေတွေက ရုတ်တရက် ပြောင်းလဲသွားခဲ့ရတယ်။ အစွမ်းထက်ဆုံးလက်နက်တွေကိုတောင် ယှဉ်နိုင်တဲ့ ခန္ဓာကိုယ်တစ်ခုကို အခြေတည်ပြီး သူက အထွဋ်အထိပ်ရောက်အောင် တစ်လှမ်းချင်း တက်လှမ်းနိုင်ခဲ့တယ်။
အောင်မြင်မှုအတွက် တိုက်ခိုက်ရတဲ့ တိုက်ပွဲကြီးတွေ၊ စွမ်းအားအတွက် တိုက်ခိုက်နေကြတဲ့ အစွမ်းထက်မျိုးနွယ်စုတွေကြောင့် ကမ္ဘာမြေကြီးကတောင် တုန်ဟီးလာရပါတယ်။ မှော်ရတနာတွေလို အစွမ်းထက်တဲ့ ခန္ဓာကိုယ်တစ်ခုနဲ့ လုအိုကျန်းက ဒီကမ္ဘာကြီးထဲက အခက်အခဲတွေအားလုံးကို ဘယ်လိုများ ကျော်ဖြတ်မှာလဲ..... လုအိုကျန်းက မျက်လုံးဖွင့်လိုက်တဲ့အချိန်မှာပဲ..သူ့ရဲ့ဒဏ္ဍာရီက စတင်လိုက်ပါပြီ..

မူရင်းစာရေးသူ - Gift of Liberation

ဘာသာပြန်သူ - Hein Htet

***

## ကောင်းကင်ဘုံသို့ခြေဆန့်ခြင်း
### အပိုင်း(၁)

{စာစဉ် ၁ - အပိုင်း(၁)}

ယခုချိန်ထိ အရုဏ်တက်ချိန်ကို မရောက်သေးချေ။ သို့ရာတွင် ဆောင်းတွင်းပိုင်း မနက်ခင်း၏ အအေးဓာတ်ကတော့ တော်တော်လေးကို ပြင်းထန်လွန်းလှပေသည်။ မနက် ၄ နာရီထိုးသည်ကိုပင် မှောင်နေဆဲဖြစ်၏။

ထိုအချိန်တွင် လုအိုမိသားစု၏ မြေတိုက်ခန်းထဲတွင် ရှိသော ရေနံဆီမီးခွက်လေးက တိတ်တဆိတ် လင်းလက်လာသည်။ လူငယ်လေးလုအိုကျန်းက ရေနံဆီမီး၏ အလင်းရောင် တော်တော်များများကို ဖုံးကွယ်ထားပြီး စားပွဲဘေးတွင် ထိုင်နေသည် ။ထို့နောက် သူက အနားစများ ဆုတ်ပြဲနေသော စာအုပ်တစ်အုပ်ကို တိတ်တဆိတ် ထုတ်လိုက်လေသည်။

လုအိုကျန်းက ဤနှစ်ထဲတွင် အသက် ၁၇ နှစ်ကို ရောက်နေပြီး သူ၏ခန္ဓာကိုယ်ကလဲ ပိန်ပိန်ပါးပါးနှင့် ချောမောခန့်ညားသည်ဟု ပြော၍မရချေ။ သို့ရာတွင် သူ့ဆီ၌ နွေးထွေးသော အမူအရာများရှိပြီး အထူးသဖြင့် နတ်ဘုရားလို မျက်လုံးတစ်စုံရှိပါသည်။ မှိတ်တုတ်မှိတ်တုတ်လင်းလက်နေသော ရေနံဆီမီးခွက်အောက်တွင် သူ့ရဲ့မျက်လုံးများကလည်း အတော်လေးအသက်ဝင်နေ၏။

"ဟူး..ငါက ဒီစာအုပ်ကိုဖတ်ဖို့ အချိန်တစ်လလောက်ပေးခဲ့ရတယ်။

"အစားထိုးမှု" ...ပြီးတော့

"အမှန်တရားက ကောင်းတယ်"

"ဒါပေမယ့် မကောင်းဆိုးဝါးတွေကို တန်ပြန်ပေးဆပ်ရမယ်"

အဲဒီစကားလုံးတွေက နည်းနည်းတော့ ထူးခြားတယ်။ ငါကတော့ သဘောမကျဘူး.."

လုအိုကျန်းက တိုးတိုးလေး ပြောလိုက်မိသည်။ ထို့နောက် ရေနံဆီမီးခွက်ဆီ

မှ ထွက်လာသော အငွေ့လေးများကို စိုက်ကြည့်လိုက်ပြီး သူ့ရဲ့မျက်နှာပေါ်တွင် ဝမ်းနည်းသည့်အမူအရာများ ပေါ်လာလေသည်။

"တကယ်လို့ အဖေကသာ အဲဒီစကားလုံးတွေကို မယုံကြည်ခဲ့ဘူးဆိုရင် ငါတို့မိသားစုက ဒီလိုမျိုးအဆုံးသတ်ရမှာမဟုတ်ဘူး။ အဖေကလဲ သေသွားမှာမဟုတ်ဘူး..."

အချိန်တော်တော်ကြာ စဉ်းစားပြီးနောက် ရုတ်တရက် အခန်းတံခါးကို သော့ဖွင့်နေသည့် အသံတစ်ခု ထွက်ပေါ်လာပါတယ်။ လုအိုကျန်းက ရင်ထဲရှိ ဝမ်းနည်းမှုများကို ဖယ်ရှားလိုက်ပြီး တည်ကြည်ခိုင်မာသည့် အမူအရာပြောင်းလဲသွားသည်။ တပြိုင်နက်ထဲတွင် သူက ရေနံ့ဆီမီးခွက်ကို ငြိမ်းသတ်လိုက်ပြီး စောင်တစ်ထည်ကို ယူ၍ ပြန်ခြုံလိုက်ပါသည်။

အခန်းတံခါးသော့ပွင့်သွားပြီးနောက် ခြေသံများက ပိုပိုပြီး နီးလာသည်ကို ကြားလိုက်ရသည်။ ဦးတည်လာသော ခြေသံများက လုအိုကျန်း၏အိပ်ယာဘေးတွင် ရပ်လိုက်ပြီး လက်ညှိုးထိုးကာ အော်ပြောလိုက်သည်။

"ခုချိန်ထိ အိပ်နေတုန်းလား ... ထစမ်း ငပျင်းကောင် မင်းက လုအိုမိသားစုရဲ့သခင်လေးတစ်ယောက်လို့ ထင်နေသေးတာလား.."

ထိုလူက လုအိုမိသားစု၏အိမ်တော်ထိန်း တစ်ယောက်ဖြစ်ပြီး နဖူးတွင် ဘုကြီးတစ်လုံးနှင့် မျောက်တစ်ကောင်လို နှာခေါင်းရှည်တစ်ခု ရှိပါသည်။

လုအိုကျန်းက စောင်ကို ဖယ်လိုက်ပြီး မျက်လုံးကို ပွတ်လိုက်သည်။ ထို့နောက် အိပ်ယာမှ ထလိုက်ကာ စကားတစ်ခွန်းမှမပြောဘဲ ခြေအိတ်နဲ့ ဖိနပ်ကို ဝတ်ဆင်လိုက်သည်။ သူ၏အဝတ်အစားများက တော်တော်လေးဟောင်းနွမ်းနေသော်လည်း လုအိုကျန်းကတော့ သပ်သပ်ရပ်ရပ် ဝတ်ဆင်နေတုန်းပါပင်...။

အိမ်တော်ထိန်းက မျက်ခုံးပင့်ပြီး "ငပျင်းကောင်"ဟု ပြောလိုက်သည်။

ထို့နောက် သူက လက်ဝှေ့ယမ်းပြလိုက်သည်။ ထိုအခါ သူ့နောက်တွင် ရှိနေသော လူများက လုအိုကျန်းကို ဝန်းရံလိုက်ပြီး ထူထဲသော ချပ်ဝတ်အင်္ကျီတွေနှင့် လက်အိတ်တွေကို ဝတ်ဆင်ပေးလိုက်ကြသည်။

ထိုအလုပ်ပြီးဆုံးသွားချိန်တွင် လုအိုကျန်းက အခန်းထဲမှ ထွက်လာပြီး အိမ်တော်ထိန်း၏ဦးဆောင်မှုနှင့် လုအိုမိသားစု၏ သိုင်းခန်းမဆီကို ဦးတည်သွားလိုက်ကြသည်။

လုအိုမိသားစုက ချုံယန်း နိုင်ငံထဲတွင် အဆင့်မြင့်ကလန်တစ်ခုဖြစ်ပါသည်။ သူတို့က လယ်မြေဧကပေါင်း တစ်သောင်းကျော်နှင့် မိုင်းတွင်းပေါင်း ၁၀၀ ကျော်ကိုလည်း ပိုင်ဆိုင်ထား၏။ ထို့နောက် ချုံယန်း နိုင်ငံထဲတွင်လဲ ကျော်ကြားပါသည်။

သို့ရာတွင် အရှေ့ပိုင်းနယ်မြေတစ်ခုလုံး၌ မရေမတွက်နိုင်သော မြို့ကြီးထောင်ပေါင်းများစွာ ရှိပြီး လုအိုမိသားစုက အရှေ့ပိုင်းနယ်မြေထဲမှာတော့ အဆင့်မှီခြင်း မရှိချေ။

အိမ်တော်ထိန်းခေါ်ဆောင်ရာအတိုင်း လိုက်လာရသော လုအိုကျန်းက အခန်းထဲမှ ထွက်လာပြီးနောက် များပြားလွန်းလှသော အဆောက်အဦးများ၊ တံတားများကို ဖြတ်ကျော်ကာ သိုင်းခန်းမရဲ့တံခါးရှေ့သို့ ရောက်လာလေသည်။

သိုင်းခန်းမက လုအိုမိသားစု၏ လူငယ်မျိုးဆက်သစ်များ လေ့ကျင့်ရန်အတွက် တည်ဆောက်ထားသော နေရာတစ်ခုဖြစ်သည်။ တံခါးဝတွင် နဂါးနှင့် ခြင်္သေ့ရုပ်ထုများကိုလဲ အဖြူရောင်စကျင်ကျောက်များနဲ့ ထွင်းထုထားပါသည်။ ထို့ပြင် မြေပြင်တွင်လဲ အနက်ရောင် လိပ်ကျောက်တုံးများကို ၁ မီတာခြား ခင်းထားပါသည်။ ထိုဝင်ပေါက်မှ ဝင်လိုက်သည်နှင့် ဖိအားများကို ခံစားမိရမည်မှာလည်း အသေအချာပါပင်။

သိုင်းခန်းမဆောင်၏အလယ်တွင် လုအိုမိသားစု၏ လူငယ် တစ်ဒါဇင်ကျော်က မီးခိုးရောင်ဝတ်စုံများကို ဝတ်ဆင်ထားပြီး သိုင်းဆရာများ၏ ဦးဆောင်မှုနှင့် အတော်လေး ကြိုးစားနေကြပါသည်။ သူတို့၏လက်သီးက မီးတွေတောက်နေပြီး အော်ဟစ်သံများက တပြိုင်နက်တည်း ထွက်ပေါ်နေသည်။

လုအိုမိသားစုမှ လူငယ်များအားလုံးက လုအို မိသားစုထဲတွင် နေရာတစ်ခုရရန်အတွက် နေ့စဉ်လေ့လာရပြီး ခန္ဓာကိုယ်သန့်စင်မှုအတွက် အားကြိုးမာန်တက် လေ့ကျင့်ရပေသည်။

ဆောင်းရာသီ၏ နှောင်းပိုင်းဖြစ်နေသည့်အတွက် လေများက ပြင်းထန်စွာ တိုက်ခိုက်နေသော်လည်း သူတို့တွေ၏ ခန္ဓာကိုယ်ပေါ်တွင်တော့ ချွေးတွေက တရွှဲရွှဲပါပင်။ သို့ရာတွင် သူတို့၏ ခေါင်းများက ပူခြစ်နေပြီး အဖြူရောင်အငွေ့များ တလူလူ ထွက်ပေါ်နေသည်မှာ ပို၍ ထူးဆန်းနေပါသည်။

သိုင်းခန်းမဆောင်ရဲ့ တစ်ဖက်တွင် လုအိုကျန်းလို သားရေချုပ်ဝတ်အင်္ကျီများ ၊ ဝတ်စုံပြည့် ဝတ်ဆင်ထားသောလူ တစ်ဒါဇင်ကျော် ရှိပါသည်။ ထိုလူများ၏ မျက်နှာ၊ နှာခေါင်းနှင့် ခန္ဓာကိုယ် အနှံ့တွင် ဒဏ်ရာများ အပြည့်ပါပင်။

လုအိုကျန်းက သိုင်းကျင့်ခန်းမထဲကို ရောက်လာပြီး ထိုလူများနှင့်အတူ ရပ်လိုက်သည်။ ဤနေရာတွင် ရှိနေသောလူ အများစုက သေမိန့်ကျ အကျဉ်းသားများ ဖြစ်ကြပြီး နယ်မြေခံထောင်များဆီမှတဆင့် လုအိုမိသားစုက ခေါ်လာခဲ့ခြင်း ဖြစ်သည်။ သူတို့ကို ခေါ်လာသည့်အချိန်တွင် သူတို့က လုအိုမိသားစု၏ကျွန်များ ဖြစ်သွားကြပေသည်။

ထိုကျွန်များ၏အလုပ်က လုအိုမိသားစုမှ လူငယ်လေးတွေအတွက် အသားပစ်မှတ်များ ဖြစ်လာရန် ဖြစ်ပါသည်။ သူတို့တွေက လုအိုမိသားစုမှ

လူငယ်လေးများ ရိုက်ပုတ်ထိုးနှက်တာကို ခံရပြီး သူတို့၏ စွမ်းအားများကို လေ့ကျင့်စမ်းသပ်ပေးရပါသည်။ ထိုအသား ပစ်မှတ်များက နှစ်တိုင်း အသတ်ခံနေရပြီး မည်မျှသေသွားပြီဆိုသည်ကိုပင် မသိနိုင်တော့ချေ။

လုအိုကျန်းကတော့ သေမိန့်ကျ အကျဉ်းသားတစ်ယောက် မဟုတ်ချေ။ သူက ပထမမိသားစု၏ အကြီးဆုံးသခင်လေးတစ်ယောက် ဖြစ်ခဲ့သည်။ လုအိုမိသားစုထဲတွင်လည်း နာမည်ကျော်ကြားသော သခင်လေးတစ်ယောက် အဖြစ် လူတိုင်းက သူ့ကို လေးစားခဲ့ရသည်။ မိသားစုထဲမှ အကြီးအကဲများကပင် သူ့ကို ရိုရိုသေသေ ဆက်ဆံခဲ့ရ၏။

လွန်ခဲ့သော ၂ နှစ်ခန့်က ချုံယန်းနယ်မြေထဲတွင် ကြီးမားတဲ့ အဖြစ်ပျက်ကြီးတစ်ခု ဖြစ်သွားခဲ့ပါသည်။ လုအိုမိသားစု၏ ခေါင်းဆောင်ဖြစ်သော လုအိုကျန်း၏အဖေက သူ့ညီများ၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံလိုက်ရသည်။

ထို့နောက် ချက်ချင်းဆိုသလိုပင် တတိယမိသားစုက သူ၏အခွင့်အာဏာအားလုံးကို သိမ်းယူလိုက်ပါသည်။ ညီအစ်ကိုဆိုသော နံရံများအောက်တွင် ပထမမိသားစုကလဲ လုံးဝကို ပျက်စီးသွားခဲ့ရသည်။

သခင်လေးတစ်ယောက်ဖြစ်သော လုအိုကျန်းကိုလဲ သစ္စာဖောက်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ထို့နောက် သူက လုအိုမိသားစု၏ကျွန်တစ်ယောက် ဖြစ်လာပြီး လုအိုမိသားစု၏ အသားပစ်မှတ်တစ်ယောက် ဖြစ်လာပါသည်။ သူက လုအိုမိသားစုဝင်တစ်ယောက်ဖြစ်သော်လည်း မိသားစု၏လူငယ်များထဲတွင် ဆက်လက်ရပ်တည်နိုင်ခွင့် မရှိတော့ချေ။

သူက ယခုလို ရိုက်ပုတ်ခံနေရသော ဘဝမျိုးကို ရောက်နေသည်မှာ ၂နှစ်ခန့်ပင် ရှိနေပါပြီ။ လွန်ခဲ့သော ၂နှစ်လုံးလုံး ပြင်းထန်သော လက်သီးချက်များကို မည်မျှခံလိုက်ရလဲဆိုသည်ကိုပင် လုအိုကျန်းကိုယ်တိုင် မသိတော့ပေ။

"ဒီနေ့ လက်သီးထိုး လေ့ကျင့်မှုမှာ လုအိုမိသားစုရဲ့ လူငယ်တွေက သူတို့ရဲ့ ကိုယ်ပိုင် အသားပစ်မှတ်တွေကို တစ်ယောက်ချင်းစီ ရွေးချယ်လိမ့်မယ်။ လူတွေရဲ့ ခန္ဓာကိုယ်ကို တိုက်ခိုက်မယ်ဆိုရင် မင်းတို့က တကယ်အစစ်အမှန် တိုက်ခိုက်တဲ့ နည်းလမ်းတွေကို ပြည့်ပြည့်ဝဝ နားလည်လာလိမ့်မယ်။ ပြီးတော့ လူတွေရဲ့ ခန္ဓာကိုယ်ဆီက အားနည်းချက်တွေနဲ့ ရင်းနှီးလာလိမ့်မယ်။ ပြီးတော့ အရိုးတွေဆီကို ဘယ်လိုပြန့်နှံ့သွားလဲ ဆိုတာလဲ သိလာလိမ့်မယ်။ .."

လုအိုမိသားစု၏သိုင်းဆရာက အမိန့်ပေးပြီးနောက် လူငယ်တစ်ယောက်ချင်းဆီက သူတို့၏ ကိုယ်ပိုင်အသားပစ်မှတ်များကို ရှာဖွေလိုက်ကြသည်။ သိပ်မကြာခင် သိုင်းခန်းမထဲမှ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်။ လုအိုမိသားစု၏ လူငယ်များက ထိုကျွန်များကို လူများဟု သတ်မှတ်ပြီး ငြင်ငြင်သာသာ မရှိကြချေ။

သူတို့တွေ တော်တော်များများကတော့ ပိုပြီး စွမ်းရည်ပြည့်ဝသော လုအိုကျန်းကို ရှာဖွေနေကြပါသည်။ အဘယ်ကြောင့်ဆိုသော် ယခင်တုန်းက သခင်လေးက သူတို့၏ ဆန္ဒများကို ပိုပြီး ဖြည့်ဆည်းနိုင်၍ ဖြစ်ပါသည်။

လုအိုမိသားစုမှ လူငယ်များရဲ့ လက်သီးချက်များနှင့် ရင်ဆိုင်ရနေသော်လည်း လုအိုကျန်းက ခန္ဓာကိုယ်၏အရေးကြီးအစိတ်အပိုင်းများကို တည်ငြိမ်အေးဆေးစွာ ကာကွယ်နေပါသည်။ သိပ်မကြာခင် သိုင်းခန်းမထဲသို့ လူအနည်းငယ် ရောက်လာပြီး သူတို့ကို ပိုးထည်ဝတ်ထားတဲ့ လူငယ်တစ်ယောက်က ဦးဆောင်လာပါသည်။

"သခင်လေး ဒီကိုရောက်ပြီဟေ့ ..."

"သခင်လေး...

နောက်ဆုံးတော့ သခင်လေးက လေ့ကျင့်ရာကနေ ထွက်လာပြီ။ သခင်

လေးက အရမ်းကို လန်းဆန်းတက်ကြွနေပြီး ကျင့်စဉ်အဆင့်တွေကလဲ အရမ်းကို သန့်စင်လာတယ်။ ..."

"သခင်လေးက ကျွန်တော်တို့ လုအိုမိသားစုရဲ့ အစွမ်းထက်တဲ့ ပါရမီရှင် တစ်ယောက်ပဲ။ ပြီးတော့ အရိုးသန့်စင်နယ်ပယ်ကို ရောက်သွားတာ သေချာတယ်။ ..."

လုအိုမိသားစုမှ လူငယ်လေးများက ရိုက်ပုတ်တိုက်ခိုက်နေသည်ကို ရပ် လိုက်ပြီး ပိုးထည်ဝတ်ဆင်ထားသော လူငယ်ကို ကြည့်ကာ ပြောနေကြ ပါသည်။

လုအိုကျန်းကတော့ ထိုလူငယ်ကို ကြည့်နေရင်း ရင်ထဲတွင် ဒေါသများ တစိမ့်စိမ့် ထွက်ပေါ်လာသည်။ လုအိုမိသားစု၏ လူငယ်လေးများက သခင် လေးဟုခေါ်သော လုအိုဖေးယန်က ဒုတိယမိသားစုရဲ့အကြီးဆုံးသား ဖြစ်ပြီး လုအိုကျန်းနဲ့ အဆင့်အတူတူဖြစ်သည်။

လုအိုကျန်းက ကျွန်တစ်ယောက်အဖြစ် ရောက်သွားသည့်အချိန်တွင် လုအို ဖေးယန်က လုအိုကျန်း၏နေရာကို ရောက်လာပြီး လုအိုမိသားစု၏သခင် လေး ဖြစ်လာခဲ့ပါသည်။

လွန်ခဲ့တဲ့ ရက်အနည်းငယ်တွင် လုအိုဖေးယန်က လေ့ကျင့်နေတဲ့အတွက် အချိန်တော်တော်ကြာ ထွက်မလာခဲ့တာကို သူက ကြားထားခဲ့ပါသည်။ ယခု တော့ လုအိုဖေးယန်၏ စွမ်းအားများက သန့်စင်ပြီးသွားပုံ ရသည်။

လုအိုဖေးရန်၏ အာရုံစိုက်မှုတွေက အလွန် တိကျပါသည်။ သူက မကျေမ နပ်ဖြစ်နေသော လုအိုကျန်းကို သတိထားမိသွားပြီး လှည့်ကြည့်လိုက်သည်။ ထို့နောက် ခနဲ့တဲ့တဲ့ ပြုံးလိုက်ပြီး လုအိုကျန်းဆီသို့ လျှောက်သွားကာ ပြော လိုက်သည်။

"လုအိုကျန်း ...

ငါလေ့ကျင့်နေတာ အချိန်တော်တော်ကြာပါတယ်။ ဒါပေမယ့် မင်းက အခု ထိ အသတ်မခံရသေးဘူးလား။ .."

"မင်းရဲ့ဆုတောင်းတွေကြောင့် ငါက မသေနိုင်သေးပါဘူး... "
လုအိုကျန်းက ပြန်ပြောလိုက်သည်။

"ရိုင်းလိုက်တာ။ ဒါဘယ်လိုလေသံလဲ။ သခင်လေးကိုတောင် ဒီလိုမျိုး ပြန်ပြောရဲတယ်လား. "

"အဖိုးမတန်တဲ့ ကျွန်တွေ အခုထိ ဒူးမထောက်သေးဘူးလား...။ ငါတို့ သခင်လေးကို လေးလေးစားစားနဲ့ ပြန်ပြီးတော့ တောင်းပန်စမ်း။ ဒါမှ မဟုတ်ရင်တော့ အဲဒီလိုပြောတဲ့အတွက် မင်းကို နောင်တရတဲ့အထိ ပညာ ပေးရလိမ့်မယ်..."
လုအိုကျန်းက သူတို့ဘိုးဘေးများ၏အုတ်ဂူကို တူးဖော်နေသယောင် လုအို မိသားစု၏ လူငယ်လေးများက အော်ဟစ်လိုက်ကြသည်။

လုအိုကျန်းက သူတို့တွေကို အေးစက်စွာ လှည့်ကြည့်လိုက်သည်။ သူ သခင်လေးဖြစ်ခဲ့စဉ် လုအိုမိသားစုမှ လူငယ်လေးများက သူ့ရှေ့ကိုပင် ထွက် မလာရဲကြပေ။ ယခု သူ၏နေရာကို ဆုံးရှုံးသွားပြီးနောက် သူတို့က လုအို ဖေးယန်၏နောက်လိုက်များအဖြစ် ချက်ချင်း ပြောင်းသွားကြ၏။

လုအိုဖေးယန်က ဒေါသထွက်နေကြသော လုအိုမိသားစုမှ လူငယ်လေး များကို လက်ကာပြီး တားဆီးလိုက်သည်။ ထို့နောက် သူက လုအိုကျန်းကို ပြောလိုက်၏။
"လုအိုကျန်း ..
ငါက ဘာကြောင့်လေ့ကျင့်နေတာလဲဆိုတာ မင်းသိလား.."

လုအိုကျန်းက တိတ်ဆိတ်သွားပြီး လုအိုဖေးယန်ကို မျက်နှာပျက်ယွင်းစွာ စိုက်ကြည့်လိုက်သည်။

"ငါတို့မှာ ကောင်းကင်နဲ့ မြေကြီး ကံကောင်းခြင်းဆေးလုံး ၂ လုံးရှိတယ် ဆိုတာ မင်းသိတယ်မဟုတ်လား.. ။ လွန်ခဲ့တဲ့ရက်အနည်းငယ်ကပဲ ငါက ၁ လုံးကို သောက်လိုက်ပြီ.."

လုအိုဖေးယန်က ပြုံးလိုက်သည်။

"ဒီကောင်းကင်နဲ့ မြေကြီး ကံကောင်းခြင်းဆေးလုံးက တကယ်ပဲ ထူးခြားတာပဲ။ သူ့ရဲ့ သန့်စင်တဲ့ စွမ်းအားတွေက ငါ့ရဲ့ သွေးသားခန္ဓာကိုယ်ကို သန့်စင်ပေးပြီး ငါက သွေးသားသန့်စင်နယ်ပယ်ကနေ အရိုးသန့်စင်နယ်ပယ်ကို အဆင့်ခုန်ရောက်သွားခဲ့တယ်။ ပြီးတော့ ဆေးလုံးရဲ့ အကျိုးသက်ရောက်မှုက ဆယ်ပုံတစ်ပုံပဲ သုံးရသေးတဲ့အတွက် ငါ့ရဲ့ခန္ဓာကိုယ်ထဲမှာ အများကြီး ရှိသေးတယ်။ ပြီးတော့ ငါ့ရဲ့ ခန္ဓာကိုယ်ကို သွေးသားစွမ်းအင်တွေ ဆက်တိုက်ကို ပေးနိုင်စွမ်းရှိတယ်။ ငါက ကိုယ်တွင်းအင်္ဂါ သန့်စင်နယ်ပယ်နဲ့ ရိုးတွင်းခြင်ဆီသန့်စင်နယ်ပယ်တွေကို သိပ်မကြာခင် ရောက်တော့မှာပါ။ .."

"ကောင်းကင်နှင့်မြေကြီး ကံကောင်းခြင်းဆေးလုံး ....."

ထိုဆေးလုံး ၂ လုံးက လုအိုမိသားစု၏ ဘိုးဘေးများ ချန်ထားခဲ့သော အဖိုးတန်ဆေးလုံးများ ဖြစ်ကြသည်။ ထို့ပြင် အဲဒီဆေးလုံးများကို မိသားစု၏ အလျှို့ဝှက်ဆုံး နေရာတစ်ခုတွင် သိမ်းဆည်းထားသည်ဟု ပြောကြပါသည်။ သာမန်အဆင့်ရှိသော လူတစ်ယောက်က ထိုဆေးလုံးကို သောက်၍မရချေ။

ကျူရှင်းပြောတာအရဆိုလျှင် အသက် ၁၆ နှစ်တွင် အရိုးသန့်စင်နယ်ပယ်ကို ရောက်သောသူများကသာ ကောင်းကင်နှင့်မြေကြီးကံကောင်းခြင်းဆေးလုံးကို သောက်ခွင့်ရှိပါသည်။

သွေးသားခန္ဓာကိုယ်ကို နယ်ပယ် ၅ ခု ခွဲခြားထားသည်။

ပထမဦးဆုံး အရေပြားသန့်စင် နယ်ပယ်၊ ဒုတိယ သွေးသားသန့်စင် နယ်ပယ်၊ တတိယ အရိုးသန့်စင် နယ်ပယ်၊ စတုတ္ထ ကိုယ်တွင်းအင်္ဂါ သန့်စင်နယ်ပယ်နှင့် နောက်ဆုံး ရိုးတွင်းခြင်ဆီ သန့်စင်နယ်ပယ်တို့ ဖြစ်ကြသည်။ အဆင့်တစ်ခုခြင်းဆီ၏ ကွာခြားမှုကလဲ အလွန်ကြီးမားပြီး သာမန်လူများက အဆင့်တက်ရန်အတွက် တော်တော်လေးကို ကြိုးစားကြရပါသည်။ ၁၀နှစ်ကျော် လေ့ကျင့်မှု မရှိဘူးလျှင် အဆင့်တက်ရန် တော်တော်လေး ခက်ခဲပါသည်။

သာမန်လူတစ်ယောက်ကတော့ စွမ်းရည်ရှိနေလျှင်ပင် အသက် ၃၀ မတိုင်ခင် အရိုးသန့်စင်နယ်ပယ်ကိုသာ ရောက်နိုင်ပေသည်။

ဘိုးဘေးများ၏စည်းမျဉ်းအရ ကောင်းကင်နှင့်မြေကြီး ကံကောင်းခြင်း ဆေးလုံးကို သုံးသူက အသက် ၁၆ နှစ်မတိုင်ခင် အဆင့် ၃ အရိုးသန့်စင် နယ်ပယ်ကို ရောက်ရပါမည်။

၁၆ နှစ်အရွယ် အရိုးသန့်စင်နယ်ပယ်ပညာရှင်က လုံး၀ကို ပါရမီရှင်ထဲမှ ပါရမီရှင်ဖြစ်ပါသည်။ လုအိုမိသားစုထဲတွင် မပြောနှင့် ။ ချူယန်းနိုင်ငံတစ်ခုလုံးတွင်ပင် ကောင်းကင်နှင့်မြေကြီး ကံကောင်းခြင်း ဆေးလုံးကို အသုံးပြုခွင့် မရခဲ့တာ နှစ်ပေါင်း ၃၀၀လောက် ရှိနေပါပြီ။

မူလကတော့ လုအိုကျန်းက ကောင်းကင်နှင့်မြေကြီး ကံကောင်းခြင်း ဆေးလုံးကို သောက်ရန် အကောင်းဆုံးအခွင့်အရေး ရှိနေသော လူတစ်ယောက်ဖြစ်သည်။ အသက် ၁၄ နှစ်တွင် သူက သွေးသားသန့်စင် နယ်ပယ် အထွဋ်အထိပ်ကို ရောက်ခဲ့ပါသည်။ ထို့ကြောင့် ချူယန်းနိုင်ငံ၏ ဘုရင်ကပင် သူ့ကို လုအိုမိသားစု၏မျှော်လင့်ချက် ၊ ကောင်းကင်က ပေးသော သားတော် တစ်ပါး ၊ ပါရမီရှင်ထဲက ပါရမီရှင်တစ်ယောက်လဟု ကောင်းချီးပေးခဲ့ပါသည်။

ထိုနှစ်တွင် မိသားစု၏အတွင်းရေးပဋိပက္ခများ ဖြစ်ခဲ့ပြီး သူ့အဖေ၏ရိုးသားမှုကြောင့် သူ့ညီများ၏ သစ္စာဖောက်ခြင်းကို ခံခဲ့ရပါသည်။ လုအိုကျန်းကလည်း ကျွန်တစ်ယောက် ဖြစ်သွားခဲ့ရပြီး အသားပစ်မှတ်တစ်ယောက် ဖြစ်လာခဲ့သည်။ ထို့နောက် အကျဉ်းသားတစ်ယောက် ဖြစ်လာသည့်အတွက် သူ့၏အဆင့်ကလဲ ရပ်သွားပြီး ကောင်းကင်နှင့်မြေကြီးကံကောင်းခြင်းဆေးလုံးနှင့် လွဲချော်ခဲ့ရသည်။

လုအိုဖေးယန်၏စွမ်းရည်က သာမန်အဆင့်သာ ဖြစ်သည်။ အသက် ၁၆နှစ်မှာ သူက သွေးသားသန့်စင်နယ်ပယ်ကိုသာ ရောက်ခဲ့ပါသည်။ သူက ကောင်းကင်နှင့် မြေကြီး ကံကောင်းခြင်းဆေးလုံးကို သုံးရန် အဆင့်ပြည့်မှီခြင်း မရှိချေ။ သို့ရာတွင် သူက သုံးခဲ့ပါသည်။

ထိုကောင်းကင်နှင့်မြေကြီးကံကောင်းခြင်းဆေးလုံးက သူ့သဘောနှင့်သူ သောက်ခဲ့ခြင်းဖြစ်ပြီး လုံးဝကို ဖြုန်းတီးမှုကြီး တစ်ခုလည်း ဖြစ်ပေသည်။ လွန်ခဲ့သော ၂နှစ်လုံးလုံး လုအိုကျန်းက အေးအေးဆေးဆေးနေခဲ့သော်လည်း သူက မနေနိုင်တော့ဘဲ ဒေါသတကြီး ပြောလိုက်သည်။

"လုအိုဖေးယန် ...
မင်းက ငါတို့မိသားစုဘိုးဘေးတွေရဲ့ ညွှန်ကြားမှုကိုတောင် လျစ်လျူရှုရဲတယ်။ ပြီးတော့ သားရဲတစ်ကောင်လောက်တောင် အဆင့်မရှိတဲ့ မင်းက ငါတို့ရဲ့အဖိုးတန်ဆေးလုံးကို သောက်ခဲ့တယ်..."

"ဟေး◌း...ငါ့ရဲ့မျက်လုံးထဲမှာတော့ မင်းက ကျောက်တုံးပေါ်က ပိုးမွှားလေးတစ်ကောင်လောက်တောင် အဆင့်မရှိဘူး။ ငါက အရိုးသန့်စင်နယ်ပယ်အထွဋ်အထိပ်ကို ရောက်ပြီးတော့ ပေါင် ၁ ထောင် လောက်ရှိတဲ့ ကျောက်တုံးတစ်တုံးကိုတောင် လက်တစ်ဖက်တည်းနဲ့ မနိုင်တယ်။ မင်းလို အဖိုးမတန်တဲ့ကျွန်တစ်ယောက်ကိုတော့ လက်တစ်ဖက်တည်းနဲ့တောင်

ဖျက်စီးပစ်လို့ရတယ်။ ဒီနေ့ ငါက တော်တော်လေး ပျော်နေတယ်။ အရင်ဆုံး ငါက အသား ပစ်မှတ်တစ်ယောက်နဲ့ ကြိုးစားကြည့်ရမှာပဲ။ ..."

လုအိုဖေးယန်က လုအိုကျန်း၏ စကားများကို စိတ်ထဲတွင် မထားပေ။ သူက ထိုစကားများကို ပြောပြီး လက်ညှိုးထိုးလိုက်သည်။

"ငါမင်းကို ရွေးတယ်..."

သူက လုအိုကျန်းကို မရွေးခဲ့ပါချေ။ ထိုအစား သက်လတ်ပိုင်း လူတစ်ယောက်ကို ရွေးချယ်ခဲ့သည်။ လုအိုဖေးယန်က သူ့ကို ရွေးချယ်ကြောင်း မြင်သည့်အခါ သက်လတ်ပိုင်း လူကြီးက ရုတ်တရက် တုန်လှုပ်သွားသည်။ သူက ထူထဲလှသော သားရေချပ်ဝတ်အင်္ကျီကို ဝတ်ဆင်ထားပြီး တော်တော်လေး ခံနိုင်ရည်ရှိပါသည်။ သို့ရာတွင် အရိုးသန့်စင်နယ်ပယ်ဖြစ်သော လုအိုဖေးယန်နဲ့ ရင်ဆိုင်ရသည့်အခါ သူလဲ တုန်လှုပ်မိပေသည်။

ထို့နောက် လုအိုဖေးယန်က သက်ပြင်းချလိုက်ပြီး လက်သီးကို ဆုပ်ကာ လုအိုမိသားစု၏ လျှို့ဝှက်ကျင့်စဉ်ဖြစ်တဲ့ နှင်းဆီသစ်သားလက်သီးကို သုံးလိုက်တယ်။ သူက စိတ်ထဲတွင် တွေးလိုက်သည်နှင့် သူ၏လက်သီးက အလွန်အမင်းကို ပြင်းထန်လာပြီး တစ်ကိုယ်လုံးကိုလည်း ခရမ်းရောင် အလင်းတန်းများ ဖုံးကွယ်သွားပါသည်။

"ကျွန်တော့်ရဲ့အသက်ကိုတော့ ချမ်းသာပေးပါ ...သခင်လေး။ ကျေးဇူးပြုပြီး မသတ်ပါနဲ့..."

လုအိုဖေးယန်၏အရှိန်ကို မြင်လိုက်ရသော အသားပစ်မှတ်က စိတ်ဓာတ်ကျသွားပြီး ချက်ချင်း မျက်နှာပျက်သွားပါသည်။ ဤလက်သီးက သူ့ကို သေစေနိုင်သည်မှာ သေချာပေသည်။ ထို့ကြောင့် သူက ဒူးထောက်ပြီး ခွင့်လွှတ်ပေးရန် တောင်းပန်လိုက်၏။

ဟေး း း း း း

အသားပစ်မှတ် တောင်းပန်နေသော်လည်း လုအိုဖေးယန်၏လက်သီးက ပစ်မှတ်၏ရင်ဘတ်ကို တည့်တည့် ထိသွားသည့်အတွက်ကြောင့် ကျယ်လောင်သော အော်သံတစ်ခုကို ကြားလိုက်ရသည်။ အသား ပစ်မှတ်၏ရင်ဘတ်ကို ကာကွယ်ထားသော သားရေချပ်ဝတ်အင်္ကျီကလဲ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခံရပြီး ရင်ဘတ်တစ်ခုလုံး စုတ်ပြတ်သွားပေသည်။ ထိုလူကလည်း နောက်ကို လွင့်သွားပြီး သိုင်းခန်းမ၏နံရံနဲ့ တိုက်မိကာ မြေပြင်ပေါ်ကို လဲကျသွား၏။ ဤလက်သီးက ချပ်ဝတ်အင်္ကျီ အပြည့်အဝ ဝတ်ဆင်ထားသော ပစ်မှတ်ကိုပင် သတ်ပစ်နိုင်ခဲ့ပါသည်။

"သခင်လေးမှာ တကယ်ကို အစွမ်းထက်တဲ့လက်သီးတစ်ခု ရှိနေတာပဲ။ လုအိုမိသားစုထဲမှာ သခင်လေးလိုလူ နောက်တစ်ယောက်ရှိမှာ မဟုတ်တော့ဘူး။ ..."

"သခင်လေးကပဲ လုအိုမိသားစုကို ဦးဆောင်ပြီး တိုးတက်အောင် ဆောင်ရွက်နိုင်မှာ။"

လုအိုမိသားစုမှ လူငယ်လေးများက လက်ခုပ်လက်ဝါးတီးကာ အားပေးနေကြသည်။

လုအိုဖေးယန်က လက်သီး၏အကျိုးသက်ရောက်မှာကြောင့် တော်တော်လေးကျေနပ်သွားပြီး လုအိုကျန်းကို လှည့်ကြည့်လိုက်သည်။

ထို့ကြောင့် လုအိုကျန်းက သတိလက်လွတ်နှင့် နောက်တစ်လှမ်း ဆုတ်လိုက်မိသည်။သူက သက်လတ်ပိုင်း လူကြီးနှင့်စာလျှင် တော်တော်လေး ကောင်းမွန်သော်လည်း သူက လုအိုဖေးယန်ကိုတော့ မယှဉ်နိုင်သေးချေ။

လုအိုဖေးယန်က ခနဲ့တဲ့တဲ့ ပြုံးလိုက်ပြီး ချက်ချင်းလှုပ်ရှားလိုက်သည်။ သူက လုအိုကျန်းရဲ့ပုခုံးကို နှစ်ချက်ဆင့်ထိုးလိုက်ပြီး...

"စိတ်အေးအေးထားပါ။ ငါက မင်းကို ဒီလောက်မြန်မြန် သတ်မပစ်ပါဘူး။

ငါဆိုတဲ့ လုအိုဖေးယန်က မင်းထက် သာတယ်ဆိုတာ မင်းကို စောင့်ကြည့်ခိုင်းဦးမှာ။ ငါက ဒီလို အမှိုက်တစ်စထက်တော့ ပိုပြီးတော့ အစွမ်းထက်ရမှာပဲလေ.."

လုအိုဖေးယန်က ဆက်မပြောတော့ဘဲ ရုတ်တရက် ပြန်ထွက်သွားတော့ မည့်အချိန်တွင် သူက တစ်ခုခုကို သတိရသွားပြီး ပြောလိုက်သည်။

"သြော်...ဒါနဲ့ ငါတစ်ခု ပြောဖို့ မေ့ကျန်ခဲ့တယ်။ ငါ့ရဲ့ပါရမီရှင် ညီမဝမ်းကွဲလေးက ကြည်လင်ကောင်းကင်ဂိုဏ်းမှာ အရေးပါတဲ့လူတစ်ယောက်ကို အပြစ်လုပ်မိပြီး သူ့ရဲ့အပြစ်တွေကို စဉ်းစားဖို့ သန့်စင်တောင်တန်းဂိုဏ်းကို အပြစ်ပေးတဲ့အနေနဲ့ ပို့ခံလိုက်ရတယ်။ ပြီးတော့ ငါကတော့ ကိုယ်တွင်း အင်္ဂါသန့်စင်နယ်ပယ်ရောက်အောင် စောင့်နေတာ။ ပြီးရင်တော့ ကြည်လင်ကောင်းကင်ဂိုဏ်းကို သွားပြီး သူ့ကို သွားကယ်ရမယ်။...ဟားဟားဟား ဟားဟား..."

ထိုကားများကို ကြားလိုက်ရသည့်အချိန်၌ လုအိုကျန်း၏ရင်ထဲတွင်လဲ ရုတ်တရက် တင်းကြပ်သွားလေသည်။

***

# ကောင်းကင်ဘုံသို့ ခြေဆန့်ခြင်း
# အပိုင်း(၂)
# {စာစဉ် ၁ - အပိုင်း(၂)}

သို့ရာတွင် သူ့ညီမလုအိုယန်က သူ၏အကြီးမားဆုံး အားနည်းချက် ဖြစ်နေသည်။

လုအိုယန်က ပထမလုအိုမိသားစု၏ တစ်ခုတည်းသော မျှော်လင့်ချက်လည်း ဖြစ်နေ၏။ အဘယ်ကြောင့်ဆိုသော် လုအိုယန်ဆီတွင် ထူးခြားသော ကျင့်စဉ်စွမ်းရည်တွေ ရှိနေခြင်းကြောင့် ဖြစ်လေသည်။ အသက် ၁၃ နှစ်တွင် သူမကို ကြည်လင်ကောင်းကင်ဂိုဏ်းမှ အတွင်းစည်းတပည့်တစ်ယောက် အဖြစ် ခေါ်ခဲ့တဲ့အတွက် လုအိုမိသားစုမှ ထွက်သွားခဲ့ရသည်။ ထို့ကြောင့် သူမက မိသားစု၏ အရေးအခင်းများမှ လွတ်မြောက်သွားခဲ့ရသည်။

လွန်ခဲ့သော ၂ နှစ်လုံးလုံး လုအိုကျန်းက ကျွန်တစ်ယောက်ဖြစ်နေသည့်အတွက် သူ့ညီမ၏သတင်းများကို မကြားရချေ။ ယခုတော့ လုအိုဖေးယန်ပြောမှသာ သူ့ညီမ၏ အခြေအနေက တော်တော်လေးဆိုးနေကြောင်း သူလည်းသိလိုက်ရ၏။ ထို့ကြောင့်လည်း သူက အလွန်အမင်းကို စိုးရိမ်သွားခဲ့မိပါသည်။ လုအိုမိသားစု လူငယ်လေးများ၏ ရိုက်ပုတ်မှု ခံနေရသည်ကို ပင် ရှောင်တိမ်းရန် မေ့လျော့နေသည့် အတွက် သူလည်း လက်သီးချက်များ ထိုးနှက်ခံလိုက်ရသည်။

ညရောက်ချိန်တွင်တော့ လုအိုကျန်းက မြေအောက်ခန်းဆီကို နာကျင်မှုများနှင့်အတူ ပြန်ရောက်လာခဲ့၏။

"ဒီမှာ မင်းရဲ့ဒဏ်ရာအတွက် ဆေးလုံးတွေ...."

လုအိုမိသားစုရဲ့ အိမ်တော်ထိန်းက စက္ကူအိတ်တစ်အိတ်ကို အပြင်ဘက်ကနေ ချပေးပြီး ပြန်ထွက်သွားခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ အသားပစ်မှတ်များက သံနှင့် လုပ်ထားသော ခန္ဓာကိုယ်များ မဟုတ်ကြချေ။ အကယ်၍ သူတို့ကသာ ဒဏ်ရာများကို ကုသမှုမရှိလျှင် အတွင်းဒဏ်ရာများကြောင့် ရက်အနည်းငယ်အတွင်း သေဆုံးသွားရပါလိမ့်မည်။ ထို့ကြောင့် လုအိုမိသားစုက သူတို့၏အသားပစ်မှတ်များကို နေ့စဉ်နှင့်အမျှ ဆေးလုံးများ ပေးရသည်။ သို့ရာတွင် ထိုဆေးလုံးများကသာမန်ဆေးလုံးများသာ ဖြစ်ပြီး သူတို့၏ကုသနိုင်စွမ်းကလည်း ကောင်းမွန်ခြင်း မရှိကြချေ။

လုအိုကျန်းက စက္ကူအိတ်ကို ဖွင့်လိုက်သောအခါ အထဲ၌ ဆေးလုံးတစ်လုံးသာ ရှိနေသည်ကို တွေ့လိုက်ရသည့်အတွက် မျက်နှာပျက်သွားပြီး ဒေါသတကြီး အော်ပြောလိုက်၏။

"အိမ်တော်ထိန်းဖန်း ...

ဒီနေ့ ဘာကြောင့် ဆေးလုံးတစ်လုံးတည်း ပါရတာလဲ .."

"မင်းတို့က အဆင့်မြင့် ဆေးလုံးတွေကို စားနေရတာ မဟုတ်ဘူးလား။ နည်းတော့ ဘာဖြစ်လဲ..."

အိမ်တော်ထိန်းဖန်းက ပြောလိုက်သည်။

"လုအိုမိသားစုက နေ့စဉ် ကုသဆေး (၃)လုံးပေးတယ်။ ဒါပေမယ့် ဒီနေ့တော့ တစ်လုံးတည်းပဲ ။ ခင်ဗျားက လောဘကြီးနေတာပဲ။ လုအိုမိသားစုထဲမှာ လောဘဆိုတာ အပြစ်ကြီးတစ်ခုပဲ။ အိမ်တော်ထိန်းဖန်း ...

ခင်ဗျားက အပြစ်ပေးခံရမှာ မကြောက်ဘူးလား...."
လုအိုကျန်းက အိမ်တော်ထိန်းဖန်းကို စိုက်ကြည့်ပြီး အော်ပြောလိုက်သည်။

"အို့..ငါကတော့ မကြောက်ပါဘူး။ ငါက မင်းလို ကျွန်လေးတစ်ယောက်ကို ဘာကြောင့် ကြောက်ရမှာလဲ။ မင်းက ပုန်ကန်ချင်တာလား။ ငါလည်း မင်းကို သဘောမကျပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ငါမှာက သခင်လေးတစ်ယောက်ရှိတယ်။ မင်းပုံစံ မင်းလဲ မှန်ထဲမှာ ပြန်ကြည့်လိုက်ပါဦးကွာ... ဟားဟား ဟားဟား....."
အိမ်တော်ထိန်းဖန်းက ကြမ်းတမ်းခက်ထန်စွာ ပြောလိုက်တယ်။

သူ့စကားကို ကြားလိုက်ရသည့်အခါ လုအိုကျန်းလည်း ငြိမ်သက်သွားသည်။ ထို့နောက် သူက ကြည်လင်တောက်ပသော မျက်လုံးတစ်စုံနှင့် အိမ်တော်ထိန်းဖန်းကို ကြည့်လိုက်ရာ မျက်လုံးထဲတွင် လူသတ်လိုသော အငွေ့အသက်များ ပေါ်လာလေသည်။

လုအိုကျန်း၏အမူအရာကို မြင်သောအခါ အိမ်တော်ထိန်းဖန်းက အနည်းငယ် တုန်လှုပ်သွား၏။ သူက ရှေ့ကို တိုးလာပြီး လုအိုကျန်း၏အင်္ကျီရင်ဘတ်ကို ဆွဲလိုက်ကာ..
"မကျေနပ်ဘူးလား။ မင်းက ငါ့ကို ဒီလိုမျိုး ကြည့်တယ်ဆိုတော့ မင်း ဘာလုပ်ချင်လို့လဲ။ မင်းက ငါ့ကို သတ်ချင်လို့လား.."

လုအိုကျန်းက ရင်ဘတ်ကို လှုပ်ရှားလိုက်သောအခါ အိမ်တော်ထိန်းဖန်းက အံ့သြသွားပြီး ရုတ်တရက် မြေပေါ်ကို လဲကျသွားလေသည်။

"မင်း....မင်းလို အဖိုးမတန်တဲ့ ကျွန်တစ်ယောက်က ဆန့်ကျင်ချင်နေတာလား...."
အိမ်တော်ထိန်းဖန်းက မတ်တပ်ပြန်ရပ်လိုက်ပြီး သူ့မျက်နှာပေါ်တွင်လည်း

နားမလည်နိုင်သော အမူအရာများ ပြည့်နှက်နေသည်။

လုအိုကျန်းက ရှေ့ကို ၂ လှမ်းတိုးသွားပြီး လက်ချောင်းများကို ချိုး လိုက်၏။

"အိမ်တော်ထိန်းတစ်ယောက်က ဒီလောက်တောင် မောက်မာရဲတယ်။ ကျုပ် က ခင်ဗျားကို မထိရဲဘူးလို့ ထင်နေတာလား...."

ထိုအရာကို မြင်သည့်အခါ အိမ်တော်ထိန်းဖန်းက ဆက်ပြီး မနေရဲတော့ပဲ တံခါးကို တွန်းဖွင့်၍ အပြင်ဘက်ကို ထွက်ပြေးသွားပါသည်။

"အဆင့်မရှိတဲ့ လူ...."

လုအိုကျန်းက ကြုံးဝါးလိုက်ပြီး နောက်ထပ်အာရုံမစိုက်တော့ပေ။ ထို့နောက် သူက တိတ်တဆိတ် ထိုင်ချလိုက်ပြီး မီးခြစ်ဆံကို ယူ၍ ရေနံဆီ မီးအိမ်ကို မီးညှိလိုက်လေသည်။ တဖန် စာအုပ်မှ စာရွက်အနည်းငယ်ကို လှန်ကြည့်လိုက်၏။ သူ့ညီမ လုအိုယန်က ဘာဖြစ်နေမှန်း မသိသေးသော အချိန်တွင် သူက မည်ကဲ့သို့ စာဖတ်နိုင်ဦးမည်နည်း။

"ငါက လုအိုမိသားစုထဲမှာ ထပ်ပြီး နေလို့မဖြစ်တော့ဘူး။ ဒါပေမယ့် ငါ့ရဲ့ လက်ရှိအစွမ်းက သွေးသား သန့်စင်နယ်ပယ်မှာပဲ ရှိသေးတယ်။ အဲဒါ ကြောင့် ငါက ကြည်လင်ကောင်းကင်ဂိုဏ်းကို သွားဖို့ မပြောနဲ့။ လုအို မိသားစုထဲကနေ ခြေတစ်လှမ်းတောင် ထွက်လို့မရဘူး ..."

လုအိုကျန်းက ကျဉ်းမြောင်းသော မြေတိုက်ခန်းတစ်ခုထဲတွင် ပိတ်မိနေ သော မှော်သားရဲတစ်ကောင်ကဲ့သို့ ထွက်ပေါက်ကို ရှာမတွေ့ချေ။

"စွမ်းအား ... ငါ့ရဲ့စွမ်းအားက အရမ်းကို အားနည်းနေသေးတယ်။ အဲဒီလို မှမဟုတ်ရင် လုအိုမိသားစုထဲမှာ ငါက ဘယ်လိုများ ကောင်းကောင်း အိပ်ရ ပါ့မလဲ .."

"ဒါပေမယ့် ဒီလိုကျင့်ကြံမှုကမ္ဘာကြီးထဲမှာ အရာတိုင်းက တစ်ဆင့်ချင်း

သွားရတာပဲ။ အခုချိန်မှာ ငါက ကျွန်တစ်ယောက်ပဲ ဖြစ်နေပြီး နေ့တိုင်း အသားပစ်မှတ် ဖြစ်နေရတယ်။ လူတိုင်းရဲ့ ရိုက်ပုတ်ခြင်းကိုလဲ ခံနေရတယ်။ အဲဒါကြောင့် ငါ့မှာ လေ့ကျင့်ဖို့ အချိန်မရှိဘူး။ ဒီလိုဆိုရင် အနေးနဲ့ အမြန် ငါက အသက်ရှင်ရက် အသတ်ခံရမှာပဲ .."

သူက ပိုပြီးတော့ အလျင်လိုလာသည့်အတွက် စားပွဲပေါ်ကို လှမ်းကြည့်လိုက်သောအခါ စာအုပ်အဟောင်းတစ်အုပ်ရှိနေသည်ကို တွေ့လိုက်ရသည်။

"ဒီလိုစာအုပ်အဟောင်းမျိုးက အယူအဆတွေ အများကြီးပါပေမယ့် ငါ့အတွက် အသုံးမဝင်ဘူး။ ဖတ်လို့ရော ဘာထူးမှာလဲ.."

လုအိုကျန်းက စာအုပ်ကို မုန်းတီးနေသည့်အတွက် ကောက်ယူပြီး မီးရှို့လိုက်၏။ ရေနံဆီမီး၏အရှိန်က စာအုပ်ကို တခဏအတွင်း လောင်ကျွမ်းပြာကျသွားစေခဲ့သည်။ လောင်ကျွမ်းပြာကျသွားသော စာအုပ်ကို ကြည့်နေရင်း လုအိုကျန်း၏ရင်ထဲတွင် အနည်းငယ်နောင်တရသွား၏။

"လုအိုကျန်း...လုအိုကျန်း...
ဘာကြောင့် စာအုပ်တစ်အုပ်ကို ဒေါသထွက်နေရတာလဲ..။ လူသားတွေကို နည်းပေးလမ်းပြလုပ်ခဲ့တဲ့ စာအုပ်မှာ ဘာအမှားတွေများ ရှိလို့လဲ...မင်းရဲ့ စွမ်းအားတွေ နိမ့်ကျနေမယ်ဆိုရင် မင်းက အသတ်ခံရမှာပဲ.."

မီးလောင်သည်မှာ အလွန်မြန်ဆန်လွန်းသည့်အတွက် စာအုပ်က တခဏအတွင်း ပြာဖြစ်သွားခဲ့ပါတယ်။ လုအိုကျန်းက စိတ်ပျက်လက်ပျက်နှင့် ပြာပုံကို စိုက်ကြည့်နေသည့်အချိန်တွင် ရွှေရောင်အလင်းတန်းတစ်ခုကို တွေ့လိုက်ရ၏။

"ဟင်....အဲဒါ ဘာလဲ..."
လုအိုကျန်းက ပြာများကို ဖယ်ရှားလိုက်သည့်အခါ အလွန်ပါးလွှာသော ရွှေပြားလေးတစ်ချပ်ကို တွေ့လိုက်ရလေသည်။

"ငါအရင်တုန်းကလည်း ဒီစာအုပ်ကို ဖတ်ဖူးပါတယ်။ ဒါပေမယ့် ဒီရွှေပြား ကို မတွေ့ခဲ့ပါဘူး။ ဒီရွှေပြားက စာရွက်သားတွေထဲမှာ ထည့်ထားတာနေ မယ်။ ဒီရွှေပြားက ဘာသုံးလို့ရတာလဲ..."

ဤကမ္ဘာကြီးထဲတွင် အရေးကြီးဆုံးအရာက ရွှေ ဖြစ်ပေသည်။ လုအို မိသားစုလို မိသားစုကြီးမှာပင် ရွှေက အတော်လေး အရေးပါ၏။ သို့ရာတွင် လုအိုကျန်းက ရွှေပြားလေးကို ငေးကြည့်လိုက်သည့်အချိန်မှာပဲ ရွှေပြား လေးက ရုတ်တရက် လှုပ်ရှားသွားသည်။ ရွှေပြားပေါ်တွင် စာလုံးတွေများ စွာ ထွင်းထုထားသော်လည်း လုအိုကျန်းကတော့ နားလည်ခြင်း မရှိချေ။

သူ ကြည့်နေသော အချိန်တွင် ရွှေပြားက ထောင်ပေါင်းများစွာသော ရွှေ ပြားလေးများအဖြစ် ပြောင်းလဲသွား၏။ ရွှေပြား တစ်ခုချင်းဆီတွင်လည်း စာလုံးလေးများ ပါဝင်နေပြီး ထိုရွှေပြားများက လုအိုကျန်း၏ခန္ဓာကိုယ်ပေါ် ကို ကပ်ညိလာကြလေသည်။

မျက်နှာ၊မျက်လုံး၊လည်ပင်း၊လက်မောင်း၊ခန္ဓာကိုယ်၊ခြေထောက်တွေ....

လုအိုကျန်း၏ခန္ဓာကိုယ်အစိတ်အပိုင်းတိုင်းကို ရွှေပြားများနှင့် ဖုံးလွှမ်း သွားလေသည်။ နောက်ဆုံးသော ရွှေပြားလေးကတော့ လုအိုကျန်း၏ ဦးနှောက်ထဲကို ရောက်သွား၏။ ထိုအချိန်တွင် လုအိုကျန်းကတော့ ဧရာမ တူကြီးတစ်ချောင်းနဲ့ အထုခံလိုက်ရသလို တကိုယ်လုံးတုန်လှုပ်သွားသည်။

ရွှေရောင်အလင်းတန်းများ ပျောက်ကွယ်လာသည့်အချိန်တွင် ရွှေပြား ထောင်ပေါင်းများစွာကလည်း လုအိုကျန်း၏ ခန္ဓာကိုယ်ထဲတွင် ပျောက် ကွယ်သွားပါသည်။ သူ့စိတ်ထဲတွင်လည်း သူ့ရဲ့ကိုယ်ပိုင်မှတ်ဉာဏ် မဟုတ် သောအရာများ ပေါ်လာလေ၏။

"ထိပ်တန်းခန္ဓာကိုယ်ကျင့်စဉ်...
ရှေးခေတ်ကတည်းက တည်ရှိခဲ့တဲ့ အဆင့် ၁ ကျင့်စဉ်.."

"ခန္ဓာကိုယ်ကို လက်နက်တစ်ခုလို သုံးဖို့အတွက် ခန္ဓာကိုယ်ကြီးကို နှံ့နှံ့စပ်စပ် ဖိနှိပ်ပေးရမယ်။ သန့်စင်ရမယ်။ အဲဒါကို မူလရှေးဟောင်းနည်းလမ်းလို့လဲ သတ်မှတ်လို့ ရတယ် .."

"အဲဒါက သန့်စင်ဖို့ နည်းလမ်းတစ်ခုလား ..."

လက်နက်တစ်ခုကို ဖန်တီးရန် မလွယ်ကူချေ။ ထို့ကြောင့် ပန်းပဲပညာရှင်များက အလွန်နာမည်ကြီးလေသည်။ လုအိုမိသားစု၏ ငွေကြေးဆိုင်ရာ အခြေအနေများကြောင့် သူတို့က အနိမ့်ဆုံးအဆင့် ပန်းပဲဆရာတစ်ယောက်ကိုသာ ခေါ်နိုင်သည်။ ပန်းပဲပညာရှင်များ ကျော်ကြားမှုက တော်တော်လေးကို ထင်ရှား၏။

"ဒါပေမယ့် ...လူတစ်ယောက်ရဲ့ခန္ဓာကိုယ်ကို လက်နက်တစ်ခုအဖြစ် အသုံးပြုရမယ်။ အဲဒါက ဘာကို ဆိုလိုတာလဲ...။ ဒီသန့်စင်တဲ့နည်းလမ်းက လူတစ်ယောက်ကို မှော်ရတနာတစ်ခုအဖြစ် သန့်စင်ဖို့လား..."

ထိုကဲ့သို့ ထူးခြားသော အရာတစ်ခုက ချက်ချင်း လက်တွေ့ဖြစ်လာခဲ့ပါပြီ။

ထိုအချိန်တွင် သူ၏ခန္ဓာကိုယ်က ရုတ်တရက် အဖျားတက်သလို ဖြစ်လာပြီး ခန္ဓာကိုယ်အပူချိန်ကလည်း အတော်လေး မြင့်တက်လာလေသည်။

"အရမ်းကို ပူတာပဲ ..."

လုအိုကျန်းလည်း တကိုယ်လုံး အပူပေးခံထားရသလို ခံစားနေရ၏။ ထို့ကြောင့် သူက မြေတိုက်ခန်းထဲရှိ ရေကန်ဆီကို ပြေးသွားလိုက်သည်။ ထိုရေကန်က လုအိုကျန်း အမြဲလိုလို ရေချိုးသော နေရာလည်း ဖြစ်၏။ သူက နောက်ထပ် ဘာမှ စဉ်းစားမနေတော့ဘဲ ရေကန်ထဲကို ခုန်ချလိုက်ပါသည်။

"ဗွမ်း....."

ခဏကြာပြီးနောက် ရေကန်ထဲမှ ရေများက သူ၏ခန္ဓာကိုယ် အပူချိန်

ကြောင့် အမှန်တကယ် အငွေ့ပျံလာပြီး အခန်းထဲမှာလည်း ရေငွေ့များနှင့် ပြည့်နှက်လာသည်။ ရေကန်ထဲတွင် ရေများ ပြည့်နေသော်လည်း လုအိုကျန်း၏အပူရှိန်က လျော့ကျသွားခြင်းမရှိဘဲ ပို၍မြင့်တက်လာလေ၏။ သူ၏အရေပြားကလည်း အပူပေးထားသော သံတစ်ချောင်းလို နီရဲလာလေသည်။

တဖြည်းဖြည်းနှင့် သူလည်း ရေငွေ့များ ပြည့်နှက်နေသော အခန်းထဲတွင် လဲကျသွားခဲ့ပါသည်။ လုအိုကျန်း၏စိတ်ထဲတွင်လည်း ထူးခြားသော ပြောင်းလဲမှုများ ဖြစ်ပေါ်လာ၏။

သူ၏စိတ်ထဲတွင် ဧရာမမီးဖိုကြီးတစ်လုံး ရုတ်တရက် ပေါ်လာသည်။ မီးဖိုကြီးတွင် အနက်ရောင်နဲ့ အပြာရောင်များ ပြည့်နှက်နေပြီး မီးဖိုပတ်လည်တွင် နဂါး (၉) ကောင် အရုပ်များလည်း ထွင်းထုထားသည်။

နဂါးတစ်ကောင်ချင်းဆီ၏အရောင်ကလည်း တူညီခြင်း မရှိချေ။ စိမ်းပြာရောင်၊ အနက်ရောင်၊ အဖြူရောင်၊ ခရမ်းရောင် စသဖြင့် ရှိနေ၏။ ထိုနဂါးရုပ်များက လက်သည်းများရှိနေပြီး အမှန်တကယ် အသက်ရှင်နေသလို ထင်မှတ်ရသည်။

နဂါး (၈) ကောင်၏ မျက်လုံးက မှိတ်နေပြီး အနိမ့်ဆုံး စိမ်းပြာရောင် နဂါး၏ မျက်လုံးများကတော့ ပွင့်နေ၏။ သူ့မျက်လုံးများက လုအိုကျန်းကို စိုက်ကြည့်နေပါသည်။

ဝှီး.....ဝှီး.....

စိမ်းပြာရောင် နဂါး၏မျက်လုံးတွေက နှစ်သန်းပေါင်းများစွာ ကြာအောင် တည်ငြိမ်နေပုံရပြီး လုအိုကျန်းက သူ့ဆီမှ စွမ်းအားတွေကို ခံစားမိနေလေသည်။

နဂါး၏အကြည့်ကြောင့် လုအိုကျန်း၏စိတ်ဝိညာဉ်က တော်တော်လေးကို

တုန်လှုပ်လာပြီး သိပ်မကြာခင် သူ့ရဲ့ခန္ဓာကိုယ်ကလည်း အက်ကွဲလာကာ ပျက်စီးသွားတော့မည့် ပုံစံမျိုး ပေါ်လာလေ၏။

လုအိုကျန်း၏ စိတ်ဝိညာဉ်က ပျက်စီးသွားတော့မည့်အချိန်တွင် စိမ်းပြာရောင်နဂါးရဲ့ ပါးစပ်ထဲမှ နဂါးတစ်ကောင် ထွက်လာသည်။ ပြီးနောက် ဧရာမမီးဖိုကြီးက ဆက်တိုက်ကို လည်ပတ်လာပြီး မီးတောက်များ လောင်ကျွမ်းလာ၏။ ထိုမီးတောက်များက အနက်ရောင် မီးတောက်များ ဖြစ်လေသည်။

ဤကမ္ဘာကြီးထဲတွင် ထိုကဲ့သို့ အရောင်ရှိသော မီးတောက်က အမှန်တကယ်ရှိပြီး ထိုမီးတောက်က အရာအားလုံးကို လောင်ကျွမ်းစေနိုင်သလို ခံစားမိနေပါသည်။

လုအိုကျန်းက ချီးကျူးရန် ပြင်လိုက်သောအချိန်တွင် ဧရာမမီးဖိုကြီးက သူ့ကို တိုက်လိုက်ပြီး အနက်ရောင်မီးတောက်များကလည်း သူ၏စိတ်ဝိညာဉ်ကို လွှမ်းခြုံသွားလေသည်။

သူ၏စိတ်ဝိညာဉ်က နာကျင်စွာ လောင်ကျွမ်းခံလိုက်ရ၏။ ထိုနာကျင်မှုက လူသားများအတွက် ခံနိုင်ရည်မရှိနိုင်လောက်အောင် နာကျင်လွန်းလှလေသည်။ သို့ရာတွင် လုအိုကျန်းကတော့ စိတ်ဝိညာဉ်အခြေအနေသာ ရှိနေသည့်အတွက် ဘာမှမလုပ်နိုင်ချေ။ ထို့ကြောင့် သူက နာကျင်မှုကို အံကြိတ်ပြီး ခံနိုင်ရည်ရှိအောင် ကြိုးစားလိုက်လေ၏။

"အားးးးးးးးး အားးးးး အားးး

ငါ သေပါရစေ..."

ထိုအချိန်တွင် လုအိုကျန်းက နာကျင်မှုကို သက်သာစေရန်အတွက် သေပဲ သေချင်နေပါတော့သည်။ သို့ရာတွင် သူ့အတွက် သေဆုံးမှုဖို့ပင် မဖြစ်နိုင်သေးချေ။ သူ၏ခန္ဓာကိုယ်က စိတ်ဝိညာဉ်ခန္ဓာကိုယ်တစ်ခုသာ ရှိတော့

သည့်အတွက် သူက လျှာကိုတောင် ကိုက်နိုင်ခြင်း မရှိတော့ပေ။ သူ၏စိတ်ဝိညာဉ်က ခံနိုင်ရည်မရှိတော့သည့် အချိန်ရောက်လျှင် ဖျက်စီးခံရပြီး ရှင်းပစ်ခံရပေလိမ့်မည်။

ထိုအချိန်တွင် သက်တန့်ရောင် အလင်းတန်းတစ်ခုက မီးဖိုကြီးထဲတွင် ရုတ်တရက်ပေါ်လာပြီးတော့ လုအိုကျန်း၏စိတ်ဝိညာဉ်ကို ပြန်ပြင်ပေးလိုက်၏။

ထို့နောက် ထိုပုံစံအတိုင်း လောင်ကျွမ်းခြင်း၊ ပျက်စီးခြင်း...၊ ပြန်လည်ပြင်ဆင်ခြင်း လောင်ကျွမ်းခြင်း၊ ပျက်စီးခြင်း ၊ ပြန်လည်ပြင်ဆင်ခြင်း စသဖြင့် အကြိမ်ပေါင်းများစွာ ဖြစ်ပေါ်နေလေသည်။

သေဆုံးလုမတတ် နာကျင်မှုများက မည်မျှကြာမှန်း မသိနိုင်သော်လည်း နောက်ဆုံးတွင်တော့ ရပ်တန့်သွားပါသည်။

"နောက်ဆုံးတော့ ပြီးသွားခဲ့ပြီ..."
လုအိုကျန်းက သက်ပြင်းရှည်ကြီးချပြီး ပြောလိုက်မိသည်၊ သူက နာကျင်မှုကို ခံစားခဲ့ရသော်လည်း သူ၏စိတ်ဝိညာဉ်က ရွှေရောင်အလင်းတန်းများ တောက်ပနေသည်ကို တွေ့လိုက်ရ၏။

အချိန်တော်တော်ကြာပြီးနောက် သူ၏စိတ်က ကြည်လင်သွားပြီး သူလည်း ငြိမ်းစီစီနဲ့ နိုးထလာသည်။ သူ၏စိတ်ထဲတွင် လည်ပတ်နေသော ဧရာမမီးဖိုကြီးကလည်း ရပ်တန့်သွား၏။ မီးဖိုကြီးထဲမှ ထွက်ပေါ်လာသော အနက်ရောင် မီးတောက်များကတော့ ပျောက်ဆုံးသွားခြင်း မရှိသေးချေ။ မီးတောက်များက ဆက်လက် ရှိနေသေးသော်လည်း ကြောက်စရာ မကောင်းတော့ပေ။ ထိုအချိန်ကျမှသာ သူ၏စိတ်ဝိညာဉ်နှင့် ခန္ဓာကိုယ်ကို မီးဖိုကြီးက သန့်စင်ပေးလိုက်ကြောင်း လုအိုကျန်းလည်း နားလည်သွားလေသည်။

လက်ရှိဤကမ္ဘာကြီးက အလွန်ကြီးမားလွန်းလှပြီး ထူးခြားဆန်းကြယ်မှု မျိုးစုံ၊ လက်နက်များကို ဖန်တီးနိုင်သော ပန်းပဲပညာရှင်များ၊ ထူးခြားသော နည်းလမ်းမျိုးစုံ၊ မှော်ရတနာများကို သန့်စင်နိုင်သော ပညာရှင်များ၊ လူသတ်ရန် တွေဝေမနေသောလူများ၊ လူသားများ၏သွေးကိုသုံးပြီး လက်နပ်ထုလုပ်ရန် သုံးသောလူများစွာ ရှိပါသည်။ထို့ပြင် တချို့လူများဆိုလျှင် လူသားများ၏ စိတ်ဝိညာဉ်တွေကို လက်နက်ထဲတွင် ပိတ်လှောင်ထားပြီး လက်နက်တွေကို ဖန်တီးကြပါတယ်။

သို့ရာတွင် ထိုကဲ့သို့ လက်နက်သန့်စင်သော နည်းလမ်းများက မှော်ရတနာသန့်စင်သော နည်းလမ်းများ ဖြစ်ပေသည်။ ထိုနည်းလမ်းမျိုးကို တော့ လုံးဝ ကြားပင် မကြားဖူးချေ။ ပြောရရင် ကောင်းချီးပေးမှု တစ်ခုလို ဖြစ်နေပေသည်။

အလွန်တည်ငြိမ်သော လုအိုကျန်းက သူ၏ခန္ဓာကိုယ်ထဲတွင် ဖြစ်ပေါ်နေသော အရာများကို နားလည်လာပြီးနောက် ထိုအရာက သူ့အတွက် ဆိုးဝါးသော အရာမဟုတ်ကြောင်း နားလည်လာသည်။

ဒီကမ္ဘာကြီးထဲတွင် မှော်ရတနာများကို အဆင့် (၅) ဆင့် ခွဲခြားထားသည်။

ဆန်းကြယ်လက်နက်၊ ဝိညာဉ်လက်နက်၊ အင်မော်တယ်လက်နက်၊ သူတော်စင်လက်နက်၊ နတ်ဘုရားလက်နက်နဲ့ မူလပထမလက်နက် ဟူ၍ခွဲခြားနိုင်ပါသည်။ ထို့ပြင် အဆင့်တစ်ခုချင်းဆီတွင်လည်း အဆင့်မြင့်နှင့် အဆင့်နိမ့်ဟူ၍ ခွဲခြားထားပြန်ပါသည်။

လုအိုကျန်း၏ခန္ဓာကိုယ်က မှော်ရတနာတစ်ခုအနေနှင့် အဆင့်သတ်မှတ်ရမည်ဆိုလျှင် ဆန်းကြယ်လက်နက်ဟု သတ်မှတ်၍ ရပါသည်။ လူတစ်ယောက်ကို လက်နက်တစ်ခု၏အဆင့်နှင့် ဖော်ပြရသည်မှာ အလွန်

ထူးဆန်းသော အရာတစ်ခု ဖြစ်ပေသည်။

လုအိုကျန်းက မချိပြုံးပြုံးလိုက်မိ၏။ သူက မြေတိုက်ခန်း၏ လေဝင်ပေါက်ကို ကြည့်လိုက်သောအချိန်တွင် ကောင်းကင်ကြီးက တောက်ပနေသည်ကို တွေ့လိုက်ရသည်။ သူက တစ်ညလုံးနီးပါး သတိလစ်သွားခဲ့သည်မှာ သေချာ၏။

သူက တစ်ညလုံး မအိပ်ရသေးသော်လည်း သူ့ဆီတွင် မောပန်းနွမ်းနယ်မှု အနည်းငယ်လေးပင် မရှိသည်ကတော့ အံ့ဩစရာ ကောင်းလှပေသည်။ ထို အစား သူက အလွန်အမင်းကို လန်းဆန်းတက်ကြွနေပုံ ရသည်။

ထိုအချိန်တွင် သူ၏ခံစားမှုကလည်း အတော်လေးကို တည်ငြိမ်နေ၏။ ယမန်နေ့ညကကဲ့သို့ သူ့ဆီတွင် စိုးရိမ်ထိတ်လန့်မှုများ မရှိတော့ချေ။ ထို့ပြင် စာအုပ်ထဲမှ အကြောင်းအရာများက အမှန်တရားဟူသည်မှာ သေချာ ပါသည်။ လူတစ်ယောက်က အစာမစားလျှင် တည်ငြိမ်မှာ မဟုတ်ချေ။ ကိုယ့်ကိုယ့်ကိုယ် တည်ငြိမ်သောအချိန်ကျမှသာ စိတ်အေးချမ်းနိုင်ပါသည်။

သူက စာအုပ်ထဲမှ ကျလာသော ပြာများကို ရှင်းလင်းလိုက်ပြီး ရေကန်ကို မူလနေရာဆီ ပြန်ရွှေ့လိုက်၏။ ထိုအချိန်တွင် တံခါးခေါက်သံ ထွက်ပေါ်လာ ပါသည်။ အရိုက်ခံရန် အချိန် ကျရောက်လို့ လာပြန်ပါပြီ။

***